# ဇော်ဂျီ

## ပြည်ထောင်စု

## သမိုင်းပုံပြင်များ



# အမှာစာ

တို့ ပြည်ထောင်စုသမိုင်းစာစဉ်တွင် မူလတန်းများ အတွက် “ပြည်ထောင်စုသမိုင်းပုံပြင်များ ” ခေါ် စာစောင် နှစ် စောင်နှင့် “ပြည်ထောင်စုသမိုင်း မှတ်တိုင်များ ” ဟူ၍ စာစောင် သုံးစောင် ပါဝင်ပါ သည် ။ ထိုစာစောင် သုံးစောင်၏ ယေဘုယျရည်မှန်းချက်မှာ အတိတ်ခေတ်မှ စ၍ မျက်မှောက်ခေတ် အထိအလျဉ်မပြတ် ထင်ရှားစွာစီးဆင်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ အ ဖြစ်အပျက် သမိုင်းအ ခြေခံကိုအဆင့် သုံးဆင့်ထား၍ ပေးရန် ဖြစ်ပါသည် ။

ဦးကုလား၏ မဟာရာဇဝင်၊ မှန်နန်းရာဇဝင်၊ ကုန်းဘောင်ခေတ် မဟာရာဇဝင်တို့ ၌ လည်း ကောင်း၊ အရေး တော် ပုံများ ၌ လည်းကောင်း၊ ဘုရားသမိုင်း၊ မြို့ သမိုင်း စသော သမိုင်းဟောင်းများ ၌ လည်းကောင်း၊ ချောင်းမော်ကွန်းတို့ ၌ လည်းကောင်း၊ နှောင်းခေတ်ရေး မြန်မာနိုင်ငံသမိုင်းများ ၌ လည်း ကောင်း၊ ကျောက်စာများ ၌ လည်းကောင်း၊နိုင်ငံခြားသားတို့ ၏ မှတ်တမ်းများ ၌ လည်းကောင်း၊ သုတေ သနဆောင်းပါးများ ၌ လည်းကောင်း၊ မြောက်မြားလှစွာသော သမိုင်း အကြောင်းအချက်တို့ သည် ရှိ လေ၏ ။ သို့ ရာတွင် မူလတန်းတပည့်များ အား သမိုင်းအခြေခံကိုပေးရာတွင် တပည့်များ နှစ်သက် နား လည်နိုင်မည် လည်း ဖြစ်၍ လွတ်လပ်သော ပြည်ထောင်စုနိုင်ငံချစ် စိတ်ဓာတ်မျိုးမွေးမြူနိုင်မည် လည် ဖြစ်သော သမိုင်းအကြောင်းအချက်တို့ ကိုသာလျှင် ရွေးချယ်ဖို့ လိုသည် ဟု ယူဆ၍ ထိုယူဆချက်အ တိုင်းဆင်ခြင် ညှိနှိုင်းလျက်ရွေးချယ်ထားပါသည် ။

ပြည်ထောင်စုသမိုင်းပုံပြင်များ ခေါ် ဤပထမစာစောင်တွင် ခေတ်ဦးခေတ်ဖျားအခါမှ ပုဂံခေတ် အနော်ရထာမင်းလက်ထက်အထိ ပေါ်ထွန်း

ကျော်ကြားခဲ့သော မြို့ပြပြည်ရွာများ ကို လည်းကောင်း၊ လူမျိုးစုကို လည်းကောင်း၊ ယဉ်ကျေးမှုရောက်လာပုံကို လည်းကောင်း၊ မင်းနှင့်တကွ ပြည်သူပြည် သားတို့ ၏ အကျိုးအပြစ်အမူအရာများ ကို လည်းကောင်း ပဓာနထား၍ သက်ဆိုင်ရာ သမိုင်း အစဉ်အ လာများ နှင့်လူကြီးသူမတို့ ၏ အမှတ်အသားများ ကိုရွေးထည့်ထားပါသည် ။ရေး ပြရာ၌ လည်း မူလတန်း တပည့်များ နားဝင် နှစ် ခြိုက်အောင်အားထုတ် ရေး သားထားပါသည် ။

ထို့ပြင်သမိုင်းပညာကိုလည်း ရ၍ နှစ်သက် ခြင်းလည်း ဖြစ်စေနိုင်မည့် ရုပ်ပုံများ ကိုလည်း ထည့် ထားပါသည် ။ ရုပ်ပုံများ သည် ရှေးခေတ်နှင့် ပုဂံခေတ်မူများ ကိုလေ့လာ အခြေခံ၍ ရေး သော ရုပ်ပုံများ ဖြစ်သည် ။ဖတ်ပြီးသမျှတို့ ကို ပြန်လည်မှတ်မိစိမ့်သော ငှာ၊အရေး ကြီးသော လေ့ကျင့်ခန်းများ ကိုလည်း ပေးထားပါသည် ။ သို့ ရာတွင် ဆရာများ ကလည်း ဤစာစောင်၏ ရည်ရွယ်ချက်များ ကို တပည့်များ နား လည်လာအောင် မေးခွန်းသစ်များ ကိုထုတ်ပေးပါဟု မေတ္တာရပ်ခံလိုပါသည် ။

* * *

အခန်း (၁)

# သုဂဏ္ဍာဘုမ္မိ သထုံပြည်ကို တည်ထောင်ခြင်း


ရှေးသရောအခါ ယခုခေတ် သထုံမြို့ တည်ရာဒေသတွင် သုဘိန္နနဂ ရပြည်ဟူ၍ ရှိလေသည် ။ ထိုပြည်၌ တိဿရာဇာအမည် ရှိသော မင်းသ ည် နန်းစံလျက်ရှိလေသည် ။ ထိုမင်း၌ သားတော် နှစ် ပါး ရှိလေသည် ။ သားတော် အကြီးသည် တိဿကုမာရ ဖြစ်၍ ၊ သားတော် အငယ်သည် သီဟကုမာရ ဖြစ် လေသည် ။ ထိုမင်းသားနှစ် ပါးသည် အလွန် ချစ်ခင်မြတ်နိုးကြသော ညီနောင် ဖြစ်လေသည် ။

အရွယ်ရောက်လတ်သော် နောင်တော် တိဿကုမာရသည် ညီတော် သီဟကုမာရကိုခေါ်၍ “ငါသည် ထီးမွေနန်းမွေကို မဆက်ခံလို။ ရသေ့ရ ဟန်းပြု၍ တောတောင်၌ ပျော်မွေ့လို၏ ဟု ဆိုလေ သည် ။ ထိုအခါညီ တော် သီဟကုမာရက ညီတော် လည်း ထီးမွေနန်းမွေကိုမဆက်ခံလိုပါ။ နောင်တော် ကဲ့သို့ ပင် ရသေ့ရဟန်းပြု၍ တောတောင်၌ ပျော်မွေ့လိုပါ ၏ ” ဟု ဆိုလေသည် ။

ညီနောင်နှစ် ပါးသည် ထိုသို့ ဆို၍ ခမည်းတော် တိဿရာဇာမင်းကြီးထံသို့ သွား၍ အခွင့်ပန် လေသည် ။ ထို့နောက်ညီ နောင်နှစ် ပါးသည် ယခုခေတ် ဇင်းကျိုက်တောင်ဟု ခေါ်သော ဂဠုဂီရိ တောင် သွားကြလေသည် ။ ရောက်သော အခါဂဠုဂီရိတောင်၌ ကျောင်း သင်္ခမ်းဆောက်ကာ ရသေ့ရဟန်းတို့ ကဲ့သို့ ကျင့်၍ နေကြလေသည် ။ လ ပေါင်းများ စွာကြာမြင့်လတ်သော် နောင်တော် ရသေ့သည် ညီတော် ရ သေ့ကိုခေါ်၍ “ငါတို့ ညီနောင်သည် ရသေ့ရဟန်း ဖြစ်ပြီး အတူတကွမ နေသင့်။ တခြားစီခွဲ၍ နေသင့် သည် ။ အကြောင်းရှိသော အခါ၌ မီးဖြင့် အချက်ပြ၍ ခေါ်ကြအံ့” ဟု ဆိုလေသည် ။ ထိုအခါညီတော် ရ သေ့သည်

“ကောင်းပြီ” ဟု ဆို၍ ယခုခေတ် ဖွဲကပင်တောင်ဟု ခေါ်သော ဗန္ဓဂီရိ တောင်သို့ သွားလေ သည် ။

ဂစ္ဆဂီရိနှင့် ဗန္ဓဂီရိတောင်တို့ သည် အလွန် စိတ်ကြည်နူးဖွယ်ကောင်းလေသည် ။ ထိုတောင် တို့ ၏ ခြေရင်းတွင် ပင်လယ်ရှိလေသည် ။ ပင်လယ်ကမ်းတွင် ကျွန်းငယ်အမြောက်အမြားရှိလေသည် ။ ထိုတောင်၊ ထိုကျွန်းများ တွင် သစ်သီး ပန်းမန်ပေါများ ၏ ။ ကြစုသီး၊ ကြက်မောက်သီး ၊ တောင်သလဲ သီးတို့ သည် အနံ့အရသာနှင့်ပြည့်စုံ၏ ။ သောကပန်းများ သည် နီဂါဝါ အဆင်းရှိ၍ အလွန် လှပတင့် တယ်၏ ။ ထိုကျွန်းသို့ နဂါးမတို့ လာ၍ ပျော်ရွှင်စွာကစားလေ့ရှိကြလေသည် ။



သုဘိန္ဒနဂရမှရသေ့ညီနောင်

အခါတစ်ပါး၌ နောင်တော် ရသေ့သည် ဂန္ဓဂီရိတောင် ခြေရင်းသို့ ဆင်း၍ ပင်လယ်ကမ်းနား၌ လှည့်ပတ်သွားလာ၏ ။ ထိုအခါ ပင်လယ်ကမ်းနား၌ ဖွေးဖွေးဖြူသော ဥနှစ် လုံးကိုမြင်၍ ထိုဥနှစ် လုံးကို တောင်ပေါ်ရှိမိမိ၏ ကျောင်းသင်္ခမ်းသို့ ဆောင်ယူလာသည် ။ ထိုဥနှစ် လုံးသည် အလွန် ထူးဆန်းလှသ ဖြင့်ဗန္ဓဂဂီရိတောင်၌ နေသော ညီတော် ရသေ့ကိုမီးဖြင့် အချက်ပြ၍ ခေါ်လေသည် ။ ညီတော် ရသေ့ ရောက်လာသော အခါနောင်တော် ရသေ့က "ဖွေးဖွေးဖြူသော ဤဥနှစ် လုံးကား နဂါးမ၏ ဥများ ပေ တည်း။ ငါတို့ ညီနောင်တစ်လုံးစီယူ၍ စောင့်

ရောက်ကြကုန်အံ့” ဟု ဆိုလေသည် ။ ညီတော် ရသေ့ လည်း “ကောင်းပြီ ” ဟု ဆို၍ ဥတစ်လုံးကိုယူကာ ဗန္ဓဂီရိတော် သို့ ပြန်လေသည် ။

ထိုဥနှစ် လုံးသည် ပေါက်ချိန်ရောက်သော အခါ လူသူငယ်နှစ်ဦးဖွားမြင်လာကြလေသည် ။ ရ သေ့ညီနောင်နှစ် ပါးသည် အလွန် တရာ အံ့ဩ၍ ထိုလူသူငယ်နှစ် ဦးကို မွေးကျွေးစောင့်ရှောက်ကြလေ သည် ။ နောင်တော် ရသေ့မွေးကျွေးသော လူသူငယ်သာလျှင် ဂဠ္ဌဂီရိတောင်၌ ရ သေ့နှင့်အတူနေလေ သည် ။

နောင်တော် ရသေ့မွေးကျွေးသော လူသူငယ်သည် အသက်နှစ် ဆယ်အရွယ်သို့ ရောက်လတ် သော်၊ သုဘိန္နနဂရပြည်တွင် တိဿရာဇာမင်းသည် အိုမင်း၍ နတ်ရွာစံလေသည် ။ ထိုအခါမှူးမတ် တို့ သည် ရသေ့ညီနောင်နှစ် ပါးထံသို့ သွား၍ “ခမည် းတော် မင်းကြီး၏ ထီးမွေနန်းမွေကို ခံယူပါလော့” ဟု လျှောက်ကြလေသည် ။ ရသေ့နှစ် ပါးလည်း “ငါတို့ကား ရသေ့ရဟန်းများ သာတည်း။ ခမည် းတော် မင်းကြီး၏ ထီးမွေနန်းမွေကို မခံယူလိုကြပါ။ ငါတို့ မွေးကျွေးသော ဤလူသူငယ်သည် ဘုန်းကြီးသူ ဖြစ်သည် ။ ဉာဏ်ပညာနှင့်ပြည့်စုံသူလည်း ဖြစ်သည် ။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသူလည်း ဖြစ်သည် ။ ဤလူ သူငယ်ကိုယူ၍ နန်းတင်လော့”ဟု ဆို၍ လူသူငယ်ကိုပေးလေသည် ။ မှူးမတ်တို့ လည်း ရွှင်လန်းဝမ်းမြောက်၍ “တပည့်တော် တို့ သည် ဤလူသူငယ်ကို သုဘိန္နနဂရပြည်၌ မင်းမြှောက်ပါအံ့” ဟု ဆိုပြီးလျှင် နောင်တော် ရသေ့မွေးကျွေးသော သားကို သုဘိန္နနဂရပြည်သို့ ဆောင်ယူကြလေ သည် ။

ရောက်လတ်သော် ထိုသားကို နန်းတင်ကြလေသည် ။ ရသေ့ညီနောင်နှစ် ပါး၏ ဘွဲ့တော် နှစ် ခု ကိုပေါင်း၍ တိဿမွေသိရာဇာ ဟူသော ဘွဲ့ကိုလည်း အပ်နှင်းလေသည် ။ သုဘိန္နနဂရပြည်၏ အလယ် ၌ ရွှေထွက်

သော ချောင်းတစ်ခုရှိသည် ဖြစ်ရာ ထိုချောင်းကိုအကြောင်းပြု၍ သုဘိန္နဂရပြည်လည်း သုဂဏ္ဏာဘုမ္မိပြည်ဟု အမည် သစ်ပေးလေသည် ။ ထိုအခါမှ စ၍ သုဂဏ္ဏာဘုမ္မိပြည်ဟု တွင် လေသည် ။ ယခုအခါ သထုံဟု ခေါ်ကြလေသည် ။

* * *